# တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး (၁၆) ရက်မြောက်နေ့ (၁၄-၁၀-၂၀၂၆)

## အစည်းအဝေးမှတ်တမ်း အကျဉ်းချုပ်

| စဉ် | မေးခွန်းနှင့် အဆို | အဖြေနှင့် ဆုံးဖြတ်ချက် |
| --- | --- | --- |
| ၁ | **ဦးနိုင်ဝင်း၊ ဓနုဖြူ မဲဆန္ဒနယ်**က ဓနုဖြူမြို့နယ်၊ ကျူတောရိုး၊ ကျီးချောင်း၊ ခနောင်ရိုက်ရွာချင်းဆက်လမ်းအား အဆင့်မြှင့်တင်ပေးနိုင်ခြင်း အစီအစဉ် ရှိ မရှိ သိရှိလိုခြင်း မေးမြန်းပါသည်။ | **သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန**က ယခုဘဏ္ဍာနှစ်တွင် မြေသားလမ်း(၃) ဖာလုံအား ကျောက်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်မည်ဖြစ်ပြီး ကျန်မြေသားလမ်း အဆင့်မြှင့်တင်ခြင်းကို ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်တွင် လျာထားဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြေကြားပါသည်။ |
| ၂ | **ဦးထွန်းလွင်၊ ချောင်းဦး မဲဆန္ဒနယ်**က ချောင်းဦးမြို့၊ နတ်ရေကန်-ဘလွေ-ကျောက်ဆစ်ကန်လမ်းမှ ကျောက်ခင်းလမ်းအား ပြန်လည်ပြုပြင်ပေးရန်နှင့် ကျန်ရှိသောမြေသားလမ်းအား အဆင့်မြှင့်တင်ပေးရန် အစီအစဉ် ရှိ မရှိ သိရှိလိုခြင်း မေးမြန်းပါသည်။ | **သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေး ဝန်ကြီးဌာန**က ပျက်စီးနေသည့် ကျောက်လမ်းပိုင်းအား ပြုပြင်ခြင်းနှင့် မြေသားလမ်း အဆင့်မြှင့်တင်ခြင်းကို နယ်မြေဒေသအခြေအနေအရကွင်းဆင်းစစ်ဆေးပြီး လျာထားဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ဖြေကြားပါသည်။ |
| ၃ | **ဦးအောင်ကျော်သူ၊ မလှိုင် မဲဆန္ဒနယ်**က မလှိုင်မြို့နယ်ရှိ မိတ္ထီလာ-မလှိုင်- မြင်းခြံလမ်းမကြီးမှ ထန်းပင်ကန်ကျေးရွာသို့ ဆက်သွယ်သည့် ကတ္တရာလမ်းအား မည်သည့်ဘဏ္ဍာရေးနှစ်တွင် ပြုပြင်ဆောင်ရွက်ပေးနိုင်မည်ကို သိရှိလိုခြင်း မေးမြန်းပါသည်။ | **သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန**က ပျက်စီးနေသည့် လမ်းပိုင်းများအား ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းနှင့် ၁ မိုင် ကတ္တရာခင်းခြင်းလုပ်ငန်းကို ၂၀၂၈-၂၀၂၉ ဘဏ္ဍာနှစ်မှစ၍ လျာထားဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဖြေကြားပါသည်။ |
| ၄ | **ဦးစိုင်းဝန်းဆမ်၊ မိုင်းခတ် မဲဆန္ဒနယ်**က မိုင်းခတ်မြို့နယ် (၂၅) ခုတင်ဆံ့ ဆေးရုံတွင် လစ်လပ်လျက်ရှိသော သွားဖက်ဆိုင်ရာဆရာဝန်(၁)ဦး ခန့်ထားပေးရန် အစီအစဉ်ရှိ မရှိ၊ ရှိလျှင် မည်သည့်အချိန်တွင် ခန့်ထားပေးမည်ကို သိရှိလိုခြင်း မေးမြန်းပါသည်။ | **ကျန်းမာရေးဝန်ကြီးဌာန**က လိုအပ်လျက်ရှိသည့် သွားနှင့်ခံတွင်းဆိုင်ရာ ဆရာဝန်အား လုပ်ငန်းလိုအပ်ချက်ပေါ်မူတည်၍ ယခုနှစ်အတွင်း စိစစ်ခန့်ထားပေးမည်ဖြစ်ကြောင်း ဖြေကြားပါသည်။ |

| စဉ် | မေးခွန်းနှင့် အဆို | အဖြေနှင့် ဆုံးဖြတ်ချက် |
|---|---|---|
| ၅ | **ဒေါ်မြင့်သန်း၊ ရေး မဲဆန္ဒနယ်က** မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး(၃)ခုတို့တွင် လိုအပ်နေသော ဆေးတက္ကသိုလ် (၁)ခု ဖွင့်လှစ်ပေးနိုင်ပါရန် အစီအစဉ်ရှိ မရှိ သိရှိလိုခြင်း မေးမြန်းပါသည်။ | **ကျန်းမာရေးဝန်ကြီးဌာန**က အဆိုပါဒေသကြီး(၃)ခုအတွက် ဆေးတက္ကသိုလ် (၁)ခု ဖွင့်လှစ်ပေးရန် အစီအစဉ်မရှိသေးပါကြောင်းနှင့် နောင်အခါ လိုအပ်ချက် အပေါ်မူတည်ပြီး စီစဉ်ဆောင်ရွက်သွားမည် ဖြစ်ကြောင်းဖြေကြားပါသည်။ |
| ၆ | ဦးသက်နိုင်ဦး၊ ဘားအံမဲဆန္ဒနယ်က တင်သွင်းသည့် **“နိုင်ငံသူ နိုင်ငံသား မိဘပြည်သူလူထုတစ်ရပ်လုံး၏ ကျန်းမာရေးဆိုင်ရာဝန်ပိနေမှုများကို လျော့ချပေးနိုင်ရန်အတွက် နိုင်ငံတော်အစိုးရ၊ ကျန်းမာရေးဝန်ကြီးဌာန အနေဖြင့် ပြင်ပလူနာဌာနကြီးများ ထူထောင်ဖွင့်လှစ်ပေးနိုင်ပါရန်နှင့် ရောဂါကြီးများအား နိုင်ငံတကာအဆင့်မီ ကုသမှုခံယူနိုင်ရန်အတွက် ဒေသဇုန်ကြီးများအလိုက် အဆင့်မြင့်အထူးကုဆေးရုံကြီးများ ထူထောင် ဖွင့်လှစ်ပေးနိုင်ပါရန် တိုက်တွန်းကြောင်း”** အဆို | ယင်းအဆိုအား လွှတ်တော်ကိုယ်စားလှယ်(၆)ဦးက ဆက်လက် ဆွေးနွေးခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ပြန်လည် ရှင်းလင်းဆွေးနွေးခြင်း ဆောင်ရွက်ပြီး လွှတ်တော်က **မှတ်တမ်းတင် စောင့်ကြည့်မည်** ဖြစ်ကြောင်း ဆုံးဖြတ်ပါသည်။ |